# &i,muyoOj'pm

၁ ဘုရားသခင်နှင့် သခင်ယေရှုခရစ်၏အစေခံကျွန်၊ အကျွန်ုပ်ယာကုပ်သည် သင်တို့အား နှုတ်ခွန်းဆက်လိုက်ပါ၏။ ကမ္ဘာအနှံ့အပြား၌ ကွဲပြားလျက်နေကြသော ဘုရားသခင်၏ လူတို့အား နှုတ်ခွန်းဆက်ပါ၏။

**ယုံကြည်ခြင်းနှင့်ဉာဏ်ပညာ**

၂ ညီအစ်ကိုမောင်နှမတို့၊ သင်တို့သည် များပြားစွာ ဒုက္ခခံရကြလိမ့်မည်။ သို့သော် ဤအရာများဖြစ်ပျက်လာသည့်အခါ သင်တို့အလွန်ဝမ်းမြောက်ခြင်းရှိကြပါ။ ၃ အဘယ်ကြောင့်ဆိုသော် ထိုအရာအားလုံးတို့သည် သင်၏ ယုံကြည်ခြင်းကို စမ်းသပ်ခြင်းဖြစ်၏။ ထိုအရာက သင့်အား သည်းခံခြင်းကို တိုးပွားစေပါသည်။ ၄ သင်သည် မည်သည့်အရာကို ပြုသည်ဖြစ်စေ သင်၏ သည်းခံခြင်းကို ပြည့်စုံစေပါ။ ထိုသို့ပြုလျှင် သင်သည် ကြွယ်ဝပြည့်စုံလိမ့်မည်။ သင်အလိုရှိသည့်အရာမှန်သမျှ သင်ရလိမ့်မည်။ ၅ သင်တို့အထဲတွင် ဉာဏ်ပညာကိုလိုလျှင် ထိုအရာအတွက် ဘုရားသခင်ထံ တောင်းလျှောက်ရမည်။ ဘုရားသခင်သည် စေတနာအလွန်ကြီးမားသောဘုရားဖြစ်၏။ လူတိုင်းတို့အား ပေးကမ်းချင်သောစိတ်ရှိ၏။ ထို့ကြောင့် ဘုရားသခင်သည် သင့်အား ဉာဏ်ပညာကို ပေးတော်မူလိမ့်မည်။ ၆ သို့သော် ဘုရားသခင်အားတောင်းလျှောက်သည့်အခါ ယုံကြည်ခြင်းရှိရမည်။ ဘုရားသခင်အား သံသယမဖြစ်ပါနှင့်၊ သံသယစိတ်ရှိသောသူသည် ရေလှိုင်းကဲ့သို့ဖြစ်၏။ လေတိုက်သည့်အခါ လှိုင်းလေသည် အထက်မှ အောက်သို့လှုပ်ရှားလျက်ရှိ၏။ သံသယစိတ်ရှိသောသူသည် လှိုင်းတံပိုးကဲ့သို့ဖြစ်၏။ ၇-၈ သံသယစိတ်ရှိသောသူသည် တစ်ချိန်တည်းမှာပင် ခြားနားသောအရာနှစ်မျိုးကို စဉ်းစားသည်။ ပြုလေသမျှအရာတိုင်း၌ ဆုံးဖြတ်ချက်မရှိ။ ထိုသို့သောသူသည် ဘုရားသခင်ထံမှ တစ်စုံတစ်ခုကိုရမည်ဟု မထင်မှတ်စေနှင့်။

**မှန်ကန်သောချမ်းသာခြင်း**

၉ ယုံကြည်သောသူသည် ဆင်းရဲလျှင် သူသည် ဝါကြွားရမည်။ အကြောင်းမှာ ဘုရားသခင်သည် မိမိ၏ ဝိညာဉ်အား ကြွယ်ဝခြင်းကို ပေးတော်မူ၏။ ၁၀ ယုံကြည်သူသည် ချမ်းသာကြွယ်ဝလျှင် သူသည် ဝါကြွားရမည်။ အကြောင်းမှာ သူသည် ဝိညာဉ်ဆင်းရဲခြင်းရှိကြောင်း ဘုရားသခင်ဖော်ပြတော်မူ၏။ ချမ်းသာသောသူသည် ပန်းပွင့်ရိုင်းကဲ့သို့ သေကြေပျက်စီးသွားမည်။ ၁၁ နေသည် ထွက်လာပြီး နောက်တဖြည်းဖြည်းနှင့် ပူလာသည်။ နေပူရှိန်သည် အပင်များကို ခြောက်သွေ့စေ၏။ ပန်းပွင့်များ ကြွေကျ၏။ ပန်းပွင့်သည် အလွန်လှပ၏။ သို့သော် ယခုသေကြေပျက်စီးသွား၏။ ထိုအရာသည် ကြွယ်ဝချမ်းသာသောသူနှင့်တူ၏။ သူ၏ လုပ်ငန်းအစီအစဉ်ရေးဆွဲနေချိန်မှာပင် သူသည် ကွယ်လွန်သွားလိမ့်မည်။

**စုံစမ်းသွေးဆောင်ခြင်းသည်**
**ဘုရားသခင်ထံမှ မဟုတ်**

၁၂ လူသည် ဖြားယောင်းသွေးဆောင်ခြင်းခံရသည့်အခါ ခံနိုင်ရည်ရှိလျှင် ထိုသူသည် ပျော်ရွှင်မှုကို ခံစားရမည်။ အကြောင်းမှာ သူ၏ယုံကြည်ခြင်းကို သက်သေပြပြီးနောက်တွင် ဘုရားသခင်သည် အစဉ်အမြဲအသက်ရှင်ခြင်း ဆုလာဘ်ကို ပေးတော်မူ၏။ ဘုရားသခင်သည် မိမိကို ချစ်သောသူတိုင်းအား ဤကတိတော်ကို ပေးတော်မူ၏။ ၁၃ လူတစ်ဦးသည်ဖြားယောင်းသွေးဆောင်ခြင်းခံရစဉ်အခါ ဘုရားသခင်သည် ငါ့အားဖြားယောင်းသွေးဆောင်သည်ဟု မဆိုစေနှင့်။ မာရ်နတ်သည် ဘုရားသခင်ကို ဖြားယောင်းသွေးဆောင်မှုမပြုနိုင်။ ဘုရားသခင်သည်လည်း မည်သူကိုမျှ ဖြားယောင်းသွေးဆောင်တော်မမူ။ ၁၄ မိမိပြုလိုသောမကောင်းသည့်အရာအားဖြင့် ဖြားယောင်းသွေးဆောင်မှုကို ခံရသောသူသည် သူ၏မကောင်းမှုပြုလိုသည့် စိတ်ဆန္ဒက သူ့အား ဆွဲဆောင်ပြီး လမ်းမှားသို့ ပို့ဆောင်ပေး၏။ ၁၅ ထိုစိတ်ဆန္ဒသည် အပြစ်ကိုဖြစ်စေကာ ထိုအပြစ်သည် ကြီးထွားလာပြီး သေခြင်းကို ယူဆောင်လာခဲ့သည်။

၁၆ ကျွန်ုပ်ချစ်သောညီအစ်ကိုမောင်နှမများတို့ ထိုအရာများအားဖြင့် မမှားယွင်းစေနှင့်။ ၁၇ ကောင်းသောအရာမှန်သမျှသည် ဘုရားသခင်ထံမှလာ၏။ ပြည့်စုံသော ကျေးဇူးတော်မှန်သမျှသည် ဘုရားသ

ခင်ထံမှ လာ၏။ ထိုကောင်းမြတ်သော ဆုကျေးဇူး
တော် မှန်သမျှသည် ကောင်းကင်မှအလင်း(*နေ၊
လ၊ကြယ်*)မှန်သမျှကို ဖန်ဆင်းတော်မူသော ဘုရား
သခင်ထံမှ ဆင်းသက်လာသည်။ သို့သော် ဘုရား
သခင်သည် ထိုအလင်းများကဲ့သို့ပင် ပြောင်းလဲ
ခြင်း မရှိ။ အစဉ်အမြဲတည်နေတော်မူ၏။ ၁၈ ဘုရား
သခင်သည် နှုတ်ကပတ်တော်သစ္စာတရားအားဖြင့်
ကျွန်ုပ်တို့အား အသက်ကို ပေးမည်ဟု ကတိထား
တော်မူ၏။ ကျွန်ုပ်တို့အား ဖန်ဆင်းသမျှသောအရာ
အားလုံးထက် သာ၍အရေးကြီးသောသူဖြစ်စေလို၏။

**ကြားနာခြင်းနှင့်နာခံခြင်း**

၁၉ ကျွန်ုပ်ချစ်သောညီအစ်ကို မောင်နှမတို့၊
စကားပြောခြင်းထက် နားထောင်ခြင်းကို သာ၍ နှစ်
သက်ကြပါ။ အလွယ်တကူစိတ်မဆိုးကြနှင့်။ ၂၀ လူ
၏အမျက်ဒေါသသည် ဘုရားသခင် နှစ်သက်သော
မှန်ကန်စွာအသက်ရှင်မှုကို မပေး နိုင်။ ၂၁ ထို့ကြောင့်
သင်၏ အသက်တာထဲမှ မကောင်းမှုမှန်သမျှနှင့်
မှားယွင်းမှုမှန်သမျှကို ပယ်ရှင်းပစ်ပါ။ စိတ်နှလုံး
နှိမ့်ချလျက် ဘုရားသခင်၏သွန်သင်ချက်ကို ခံယူ
ပြီး သင်၏နှလုံးသားထဲတွင် စိုက်ပျိုးပါ။ ဤသွန်
သင်ချက်သည် သင်၏ဝိညာဉ်ကို ကယ်တင်လိမ့်
မည်။

၂၂ ဘုရားသခင်၏ သွန်သင်ချက်အတိုင်းပြုမူ
ပါ။ နားထောင်ရုံမျှသာပြုပြီး မလိုက်နာဘဲ မနေပါ
နှင့်။ အဘယ်ကြောင့်ဆိုသော် သင်သည် ထိုင်၍
နားထောင်နေချိန်တွင် သင်ကိုယ်တိုင် မရေမရာ
ဖြစ်နေသည်။ ၂၃ လူတစ်ယောက်သည် ဘုရားသခင်
၏စကားကို ကြားပြီး လိုက်နာဆောင်ရွက်ခြင်းမရှိ
လျှင် ထိုသူသည် မိမိမျက်နှာကို မှန်တွင်ကြည့်
သောသူနှင့်တူ၏။ ၂၄ ထိုသူသည် မိမိကိုယ်ကိုကြည့်
ပြီးနောက် အခြားသို့ထွက်သွားသည့်အခါ သူ၏ပုံ
မည်သို့ဖြစ်သည်ကို ချက်ခြင်းမေ့လျော့သွား၏။
၂၅ သို့သော်လည်း သင်တို့သည် ထိုသို့မဖြစ်ရ။ လူတို့
အား လွတ်လပ်ခြင်းကို ပေးနိုင်သော ဘုရားသခင်
၏စုံလင်သောဥပဒေသကိုသေချာစွာ အစဉ်သင်ယူ
ကြရမည်။ ဘုရားသခင်၏ သွန်သင်မှုကို ကြားနာပြီး
မေ့လျော့ခြင်းမရှိဘဲ ထိုသွန်သင်မှုအတိုင်း နာခံ
ဆောင်ရွက်ရမည်။ ထိုသို့ပြုလျှင် အမှန်ပျော်ရွှင်
လိမ့်မည်။

**မှန်ကန်သော ဝတ်ပြုကိုးကွယ်နည်း**

၂၆ သင်တို့သည် မိမိကိုယ်ကို ဘာသာတရား
ကိုင်းရှိုင်းသူ(သူတော်ကောင်း)ဟု ထင်မှတ်ကြ၏။
သို့သော်လည်း သင်သည် မပြောဆိုအပ်သည့်အရာ
ကို ပြောဆိုလျှင် သူသည် မိမိကိုယ်ကို လှည့်စား
သောသူဖြစ်၍ သင်၏ဘာသာတရားသည် အချည်း
နှီးဖြစ်၏။ ၂၇ ဘုရားသခင်လက်ခံတော်မူသော ကိုး
ကွယ်ခြင်းမှာ မိဘမရှိသောသူများနှင့် မုဆိုးမများ
ကို စောင့်ရှောက်ခြင်း၊ အကူအညီလိုသူများကို ကူ
ညီခြင်း၊ လောကီလွှမ်းမိုးမှုမှ လွတ်ကင်းစွာနေ
ထိုင်ခြင်းပင်ဖြစ်၏။ ထိုသို့သော ဝတ်ပြုကိုးကွယ်
ခြင်းမျိုးကို ဘုရားသခင်နှစ်သက်လက်ခံပြီး မိမိ
ကဲ့သို့ ဖြူစင်သန့်ရှင်းခြင်းနှင့်ပြည့်စုံစေ၏။

**လူတိုင်းကိုချစ်ပါ**

၂ ချစ်သောညီအစ်ကိုမောင်နှမများတို့ သင်တို့
သည် သခင်ခရစ်တော်၏ ဘုန်းအသရေတော်
ကို ယုံကြည်ကြသူများဖြစ်ကြ၏။ ထို့ကြောင့် လူတစ်
ဦးက အခြားသောသူတစ်ဦးထက် သာ၍အရေးကြီး
သည်ဟု မထင်မှတ်စေနှင့်။ ၂ လူတစ်ဦးသည် သင်
တို့အထဲသို့ ကောင်းသောအဝတ်အစားနှင့် ရွှေ
လက်စွပ်ကို ဝတ်ဆင်၍ ဝင်လာ၏။ တစ်ချိန်တည်း
မှာပင် ဆင်းရဲသားတစ်ယောက်သည် ဟောင်းနွမ်း
ညစ်ပေနေသောအဝတ်ကိုဝတ်ဆင်၍ဝင်လာသည်
ဆိုပါစို့။ ၃ သင်သည် ကောင်းမွန်စွာဝတ်ဆင်လာ
သောသူကို အထူးအလေးထားကြောင်းကို ပြမည်
ဖြစ်သည်။ သင်က "ဒီနေရာမှာ ထိုင်ပါ၊ ပိုကောင်းတဲ့
နေရာဖြစ်ပါတယ်"ဟု ဆိုပြီး၊ ဆင်းရဲသောသူအား
"ဒီနေရာမှာ ရပ်နေပါ၊ ဒါမှမဟုတ် ကြမ်းပြင်မှာ
ထိုင်ပါ"ဟု ဆိုပေမည်။ ၄ သင်မည်သို့ပြုမည်နည်း။
သင်သည် အချို့သောသူအား သာ၍ ကောင်းမြတ်
သည်ဟု ထင်၏။ သင်သည် မကောင်းသောစိတ်
ထားနှင့် မည်သူက သာ၍ကောင်းသည်ဟု ဆုံးဖြတ်
သည် မဟုတ်လော။

၅ ချစ်သောညီအစ်ကိုမောင်နှမများ၊ နားထောင်
ကြပါ။ ဘုရားသခင်သည် ဆင်းရဲသောသူများကို
ယုံကြည်ခြင်း၌ ချမ်းသာသောသူများဖြစ်ရန် လောက
၌ ရွေးချယ်တော်မူ၏။ မိမိကိုချစ်သောသူများအဖို့
ဘုရားသခင် ကတိထားတော်မူသော နိုင်ငံတော်
ကို အမွေခံရန်ဖြစ်သည်။ ၆ သို့ရာတွင် သင်တို့သည်
ဆင်းရဲသားတို့ကို အလေးမထားကြ။ ချမ်းသာ
သောသူသည် သင်တို့ကို အစဉ်ထိန်းချုပ်သွန်ကြား
နေသူများဖြစ်ကြောင်း သင်တို့သိကြ၏။ ထိုချမ်းသာ
သောသူများသည် သင်တို့အား တရားရုံးသို့ ရောက်
စေသောသူများဖြစ်ကြ၏။ ၇ ထိုချမ်းသာသောသူများ

သည်သင့်ကိုပိုင်ဆိုင်သည့်ကောင်းမြတ်သူ *(ယေရှု)*
အားအစဉ်မကောင်းကြောင်း ပြောဆိုကြသူများဖြစ်
ကြသည်။
၈ ပညတ်တရားတစ်ခုသည် အခြားပညတ်အလုံး
စုံတို့ကို လွှမ်းမိုးမှုရှိ၏။ ထိုမြင့်မြတ်သောပညတ်
ကို နှုတ်ကပတ်တော်၌ တွေ့မြင်ရ၏။ သင့်ကိုသင်
ချစ်သကဲ့သို့ သူတစ်ပါးကိုလည်း ချစ်ရမည်။ ဤ
ပညတ်ကို နာခံလျှင် သင်သည် မှန်သောအမှုကို
ပြုသောသူဖြစ်သည်။ ၉ သို့သော် လူတစ်ဦးသည်
အခြားသူတစ်ဦးထက်သာ၍ ကောင်းသည်ဟု သင်
သည် လှည့်ဖြားပြောဆိုလျှင် သင်၌အပြစ်ရှိ၏။ ထို
မြင့်မြတ်သောပညတ်က သင့်အား ဘုရားသခင်၏
ပညတ်ကို ချိုးဖောက်ကြောင်း ဖော်ပြသည်။ ၁၀ လူ
တစ်ဦးသည်ဘုရားသခင်၏ပညတ်မှန်သမျှကိုလိုက်
နာရမည်။ သို့သော်လည်း သူသည် ပညတ်တစ်ခုကို
လွှန်ကျူးလျှင် ပညတ်ချက်၌ ပါသော အရာမှန်သမျှ
ကို ချိုးဖောက်ခြင်းဖြစ်သည်။ ၁၁ ဘုရားသခင် မိန့်
တော်မူသည်မှာ သူတစ်ပါး၏သားမယားကို မပြစ်
မှားနှင့်။ လူ့အသက်ကို မသတ်နှင့်။ သူတစ်ပါး
သားမယားကို ပြစ်မှားလျှင် သို့မဟုတ် လူ့အသက်
ကို သတ်လျှင် သင်သည် ပညတ်ချက်အလုံးစုံတို့
ကို ချိုးဖောက်သောအပြစ်ရှိသည်။ ၁၂ သင်သည်
လွတ်မြောက်ခြင်းကို ပေး သော ပညတ်တရားအား
ဖြင့် စီရင်ခြင်းခံရမည်ဖြစ်၍ သင်ပြောဆိုသမျှ၊ ပြုသမျှ
အရာအားလုံးအတွက် သတိရပါ။ ၁၃ အမှန်စင်စစ်
သင်သည် သူတပါးတို့အား ကရုဏာကို ပြရမည်။
သင်သည် ကရုဏာမထားတတ်လျှင် ဘုရားသခင်
သည် သင့်အား စီရင်သည့်အခါ ကရုဏာထားမည်
မဟုတ်။ သို့သော် ကရုဏာထားတတ်သောသူသည်
တရားဆုံးဖြတ်ရာနေ့ရက်ကာလ၌ ကြောက်ရွံ့ခြင်း
ကင်းစွာ ရပ်နေလိမ့်မည်။

**ယုံကြည်ခြင်းနှင့် ကောင်းသောအကျင့်**

၁၄ ကျွန်ုပ်၏ညီအစ်ကို မောင်နှမတို့ လူတစ်ဦး
သည် ယုံကြည်ခြင်းရှိသည်ဟုဆိုပြီး ဘာမျှမလုပ်
လျှင် ထိုယုံကြည်ခြင်းသည် အချည်းနှီးဖြစ်၏။ ထို
ယုံကြည်ခြင်းမျိုးသည် သူ့အား ကယ်တင်နိုင်မည်
လော။ မကယ်တင်နိုင်ပါ။ ၁၅ ခရစ်တော်၌ညီအစ်ကို
မောင်နှမတိုင်းတို့သည် အဝတ်အားနှင့်စားရန်
အစာများ လိုအပ်ပေသည်။ ၁၆ ထိုသူအား "ဘုရား
သခင် သင်နှင့်အတူရှိတယ်၊ နွေးထွေးစွာ ဝတ်
ဆင်ပြီး၊ များစွာသော အစားအစာများကို ရယူပါ"
ဟု သင်တို့ပြောကြ၏။ ထိုသို့ ပြောပြီး သူတို့လိုအပ်
သောအရာများကို သင်သည် မပေးဘဲနေလျှင်၊ ထို
သူအား ကူညီမစခြင်းမရှိလျှင် သင်၏အကျင့်သည်
အကျိုးမရှိပေ။ ၁၇ ထိုအရာသည် ယုံကြည်ခြင်းနှင့်
အတူတူပင်ဖြစ်သည်။ ယုံကြည်ခြင်းသည် အကျင့်
မပါလျှင် အသေဖြစ်၏။
၁၈ လူတစ်ယောက်က "သင့်မှာ ယုံကြည်ခြင်းရှိ
တယ်၊ ငါ့မှာ အကျင့်ရှိတယ်၊ ဒါကြောင့် သင့် ယုံ
ကြည်ခြင်းကို သက်သေပြပါ၊ သင့် ယုံကြည်ခြင်းက
အကျင့်မရှိဘူး၊ ကျွန်ုပ်ရဲ့ ယုံကြည်ခြင်းကို ကျွန်ုပ်
ရဲ့အကျင့်နဲ့ သက်သေပြမယ်" ဟု ပြောလိမ့်မည်။
၁၉ ဘုရားသခင် တစ်ဆူတည်းရှိကြောင်းကို သင်
ယုံကြည်၏။ ကောင်းပေ၏။ နတ်ဆိုးတို့သည်လည်း
ထိုကဲ့သို့ပင် ယုံကြည်၍ ကြောက်ရွံ့တုန်လှုပ်ကြ၏။
၂၀ အချင်းလူမိုက်၊ မည်သည့်အရာကိုမျှ မလုပ်
သော ယုံကြည်ခြင်းသည် အချည်းနှီးဖြစ်ကြောင်းကို
သင်တို့အားပြရမည်လော။ ၂၁ အာဗြဟံသည် ကျွန်ုပ်
တို့၏အဖ *(မျိုးရိုး)*ဖြစ်၏။ အာဗြဟံသည် သူ၏ လုပ်
ဆောင်မှုများအားဖြင့် ဘုရားသခင်ရှေ့တွင် ဖြောင့်
မတ်သောသူဖြစ်သည်။ သူ၏သား ဣဇက်အားဘုရား
သခင်ထံသို့ ယဇ်ပူဇော် *(ပေးအပ်)* ခဲ့သည်။ ၂၂ ထို့
ကြောင့် အာဗြဟံ၏အလုပ်ကို သူ၏ယုံကြည်ခြင်း
နှင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း တွေ့မြင်ရသည်။
သူ၏ယုံကြည်ခြင်းကို သူ၏အလုပ်အားဖြင့် ပြည့်စုံ
စေသည်။ ၂၃ ဤအရာကို နှုတ်ကပတ်တော်၌ "အာဗြ
ဟံသည် ဘုရားသခင်ကို ယုံကြည်၏၊ ဘုရားသခင်
ကလည်း အာဗြဟံ၏ ယုံကြည်ခြင်းကို လက်ခံတော်
မူ၏။ ထိုယုံကြည်ခြင်းက အာဗြဟံကို ဖြောင့်မတ်
စေတော်မူ၏" ဆိုသောအဓိပ္ပာယ်ကိုပြည့်စုံစွာ ဖော်
ပြသည်။ အာဗြဟံသည် "ဘုရားသခင်၏ မိတ်ဆွေ"
ဟု ခေါ်ဝေါ်ခြင်းကို ခံရ၏။ ၂၄ ထို့ကြောင့် လူတစ်ဦး
တစ်ယောက်၏ဖြောင့်မတ်ခြင်းသည် သူ၏အလုပ်
အပေါ်တွင် မူတည်ပေသည်။ သူသည် ယုံကြည်
ခြင်းတစ်ခုတည်းဖြင့် ဖြောင့်မတ်ရာသို့ မရောက်နိုင်။
၂၅ အခြားဥပမာတစ်ခုမှာ ရာခပ်ဖြစ်သည်။ ရာခပ်
သည် ပြည့်တန်ဆာတစ်ဦးဖြစ်သည်။ သို့သော် သူမ
၏လုပ်ဆောင်ချက်အားဖြင့် ဘုရားသခင်ရှေ့တော်
မှောက်တွင် ဖြောင့်မတ်သော သူဖြစ်ခဲ့သည်။ သူမ
သည် ဘုရားသခင်၏ သူလျှိုများအား ကူညီခဲ့၏။
သူမ၏အိမ်တွင် ဧည့်ဝတ်ပြုပြီး သူတို့အား အခြား
သောလမ်းဖြင့် လွတ်မြောက်အောင် ကူညီကယ်
လွှတ်ပေးခဲ့သည်။
၂၆ ဝိညာဉ်မရှိသော ကိုယ်ခန္ဓာသည် အသေဖြစ်

၏။ ထိုအရာသည် ယုံကြည်ခြင်းနှင့် အတူတူပင်
ဖြစ်၏။ ဘာမျှမလုပ်သော ယုံကြည်မှုသည် အသေ
ဖြစ်၏။

## ကျွန်ုပ်တို့ပြောဆိုသောအရာများကို ထိန်းချုပ်ပါ

၃ ညီအစ်ကိုမောင်နှမများတို့ သင်တို့အားလုံး
သည် ဆရာ မဖြစ်ကြချေ။ အဘယ်ကြောင့်ဆို
သော် သွန်သင်သောသူများသည် အခြားသောသူ
များထက် သာ၍ကြပ်တည်းစွာ စီရင်ခြင်းကို ခံရ
လိမ့်မည်။ ၂ ကျွန်ုပ်တို့အားလုံးသည် အမှားများစွာ
ကို ပြုခဲ့ကြ၏။ တစ်ဦးတစ်ယောက်က မည်သည့်
အခါကမျှ အမှားမလုပ်ဘူးပါဟုဆိုလျှင် ထိုသူသည်
စုံလင်သောသူဖြစ်၏။ သူသည် သူ၏ကိုယ်ခန္ဓာတစ်
ခုလုံးကို ထိန်းချုပ်နိုင်၏။ ၃ မြင်းကို နိုင်စေရန်
မြင်းပါးစပ်ထဲတွင် ဇက်ကြိုးကို ထည့်ထား၏။ ထို
ဇက်ကြိုးထည့်ထားသော မြင်း၏တစ်ကိုယ်လုံးကို
ကျွန်ုပ်တို့ထိန်းချုပ်နိုင်၏။ ၄ ထိုအရာသည် သင်္ဘော
တစ်စီးကဲ့သို့ဖြစ်၏။ သင်္ဘောသည် အလွန်ကြီးသော်
လည်း လေပြင်းအားဖြင့် တွန်းလှဲခြင်းကို ခံရ၏။
သို့ရာတွင် အလွန်သေးငယ်သော တက်မကလေး
ကကြီးမားသောသင်္ဘောကို ထိန်းချုပ်နိုင်၏။ တက်
မကို ထိန်းချုပ်သောသူသည် သင်္ဘောမည်သည့်
အရပ်ဘက်သို့သွားမည်ကို ဆုံးဖြတ်ပေး၏။ ထိုသူ
အလိုရှိသည့်အရပ်သို့သင်္ဘောဦးတည်သွားလေသည်။
၅ ထိုအရာသည် ကျွန်ုပ်တို့လျှာနှင့်တူ၏။ ခန္ဓာကိုယ်
၏ အလွန်သေးငယ်သော အစိတ်အပိုင်းဖြစ်သော်
လည်း ကြီးစွာဝါကြွားတတ်၏။

အလွန်ကြီးမားသော တောမီးကို မီးစကလေး
ဖြင့် အစပြု၏။ ၆ လျှာသည် မီးကဲ့သို့ဖြစ်၏။ ၎င်း
သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာအစိတ်အပိုင်းတွင်ရှိ
နေသော လောက၏မကောင်းမှုဖြစ်၏။ အဘယ်
သို့နည်းဆိုသော် လျှာသည် မိမိမကောင်းမှုများအား
ဖြင့် ကိုယ်ခန္ဓာတစ်ခုလုံးသို့ ပျံ့နှံ့စေ၏။ ကျွန်ုပ်
တို့၏အသက်တာတစ်ခုလုံးကိုလွှမ်းမိုးလောင်ကျွမ်း
နိုင်သော မီးကို စတင်ပေးသည်။ လျှာသည် ထိုမီး
ကို ငရဲဖြစ်စေသည်။ ၇ လူသည် တိရစ္ဆာန်ရိုင်းများ
ဖြစ်သော ငှက်၊ တွားတတ်သော သတ္တဝါများနှင့်
ငါးများကို ယဉ်ပါးအောင်လုပ်နိုင်သည်။ လူသည်
ထိုအရာအားလုံးကိုယဉ်ပါးစေခဲ့သည်။ ၈ သို့ရာတွင်
မည်သူမျှ လျှာကို ယဉ်ပါးအောင် *(ထိန်းချုပ်)* မပြု
လုပ်နိုင်။ ထိုအရာသည် ရိုင်းစိုင်းပြီး မကောင်းမှု
ဒုစရိုက်ကို ဖြစ်စေသည်။ ထိုအရာသည် အဆိပ်
နှင့်ပြည့်ပြီး လူကို သေစေနိုင်သည်။ ၉ ကျွန်ုပ်တို့
သည် လျှာကိုအသုံးပြုပြီး အရှင်နှင့် ဘုရားသခင်
ကို ချီးမွမ်းကြ၏။ သို့သော် ထိုလျှာဖြင့် ကျိန်ဆဲ
(မကောင်းသောစကားကိုပြော) တတ်၏။ ဘုရား
သခင်သည် လူကို မိမိပုံသဏ္ဌာန်တော်နှင့်အညီ
ဖန်ဆင်းတော်မူခဲ့၏။ ၁၀ ချီးမွမ်းခြင်းနှင့် ကျိန်ဆဲ
ခြင်းသည် နှုတ်ခမ်းတစ်ခုတည်းမှ ထွက်လာ၏။
ညီအစ်ကိုမောင်နှမများတို့ ထိုကဲ့သို့မဖြစ်သင့်ပါ။
၁၁ ကောင်းသောရေနှင့် မကောင်းသောရေသည်
စမ်းရေပေါက်တစ်ခုတည်းမှထွက်လာနိုင်သလော။
မထွက်နိုင်ပါ။ ၁၂ ညီအစ်ကိုမောင်နှမများတို့
သင်္ဘောသဖန်းပင်သည် သံလွင်သီးကိုသီးနိုင်မည်
လော။ မသီးနိုင်ပါ။ စပျစ်နွယ်ပင်သည် သင်္ဘော
သဖန်းသီးကို သီးနိုင်မည်လော။ မသီးနိုင်ပါ။ ငန်
သော ရေတွင်းသည် ရေချိုကို မပေးနိုင်ပါ။

## မှန်ကန်သောဉာဏ်ပညာ

၁၃ သင်တို့အထဲတွင် အမှန်တကယ် ဉာဏ်
ပညာနှင့်သော်လည်းကောင်း၊ နားလည်တတ်ကျွမ်း
ခြင်းနှင့်သော်လည်းကောင်း ပြည့်စုံသောသူရှိမည်
လော။ ထိုသူသည် မိမိဉာဏ်ပညာအားဖြင့် မှန်ကန်
စွာ အသက်ရှင်ပြရမည်။ ကောင်းသောအမှုကို နှိမ့်
ချစွာပြုရမည်။ ဉာဏ်ပညာရှိသောသူသည် ဝါကြွား
ခြင်းမရှိ။ ၁၄ အကယ်၍ သင်သည် အတ္တဆန်ပြီး
မနာလိုမုန်းတီးသော စိတ်သင့်အထဲ၌ ရှိနေလျှင်
သင်၌ ဝါကြွားစရာအကြောင်းမရှိ။ သင်၏ ဝါကြွား
ခြင်းသည် အမှန်ကိုဖုံးကွယ်ထားသော လိမ်လည်
မှုပင်ဖြစ်သည်။ ၁၅ ထိုကဲ့သို့သော ပညာမျိုးသည်
ဘုရားသခင်ထံမှလာသည် မဟုတ်။ ထိုပညာသည်
လောကီမှ လာသောပညာဖြစ်၏။ ထိုအရာသည်
ဝိညာဉ်သဘော မဟုတ်။ နတ်ဆိုးထံမှလာသော
ပညာပင်ဖြစ်၏။ ၁၆ မနာလိုခြင်းနှင့် အတ္တစွဲလန်း
ခြင်းရှိသောအရပ်တွင် ရုန်းရင်းဆန်ခတ်မှု၊ ရှုတ်
ထွေးမှုများ၊ မကောင်းမှုဒုစရိုက်များနှင့်သာ ပြည့်
နေသည်။ ၁၇ ဘုရားသခင်ထံမှလာသော ဉာဏ်
ပညာသည် ရှေးဦးစွာ ဖြူစင်၏။ ငြိမ်သက်မှုကို ဖြစ်
စေ၏။ နူးညံ့သိမ်မွေ့သည့် စိတ်သဘောလွယ်ကူ
၏။ ထိုပညာသည် ဒုက္ခဆင်းရဲရောက်သောသူတို့
အား ကူညီမစရန် အစဉ်အမြဲ အဆင်သင့်ဖြစ်နေပြီး
ကောင်းသောအမှုမှန်သမျှကို လူများစွာတို့အဖို့ ပြု
တတ်၏။ ထိုအရာသည် အစဉ်အမြဲသင့်တင့်လျောက်
ပတ်ပြီး ဂုဏ်အသရေနှင့် ပြည့်စုံ၏။ ၁၈ ငြိမ်သက်
ခြင်းရှိစေရန်အတွက်ကောင်းသောအသက်တာဖြင့်

အသက်ရှင်သော သူသည် ငြိမ်သက်ခြင်းကို အမှန်
ဖြစ်စေသည်။

## သင်၏အသက်တာကို ဘုရားသခင်အား ဆက်ကပ်ပါ

၄ သင်၏ တိုက်ခိုက်ခြင်းနှင့် ငြင်းခုံခြင်းသည်
အဘယ်အရပ်ကလာသနည်း။ ထိုအရာတို့သည်
သင့်အထဲမှ တိုက်ပွဲဖြစ်စေသောအတ္တဆန်လိုသည့်
စိတ်သဘောမှလာသည်။ ၂ သင် အလိုရှိသောအရာ
ကို သင်မရရှိပေ။ ထို့ကြောင့် သင်သည် သူတစ်
ပါး၏အသက်ကို သတ်ခြင်း၊ မနာလိုခြင်းဖြစ်သည်။
သို့သော် သင်အလိုရှိသည့်အရာများကို မရနိုင်သေး
ချေ။ ထို့ကြောင့် သင်သည်ငြင်းခုံရခြင်း၊ တိုက်ခိုက်
ရခြင်းဖြစ်သည်။ သင်သည် လိုချင်သောအရာကို
မရနိုင်ချေ။ အကြောင်းမှာ ဘုရားသခင်အား
မတောင်းသောကြောင့်ဖြစ်၏။ ၃ သို့သော် သင်
တောင်းလျှင်လည်း မရနိုင်။ အဘယ်ကြောင့်ဆိုသော်
သင်တောင်းလျှောက်သောအရာသည် မှားယွင်း
နေခြင်းကြောင့်ဖြစ်၏။ သင်အလိုရှိသောအရာသည်
သင်၏ကိုယ်ခန္ဓာပျော်ရွှင်မှု ရရှိဖို့ရန်အတွက်သာ
ဖြစ်သောကြောင့် မရနိုင်ပေ။ ၄ ထို့ကြောင့် သင်တို့
သည် ဘုရားသခင်အပေါ် သစ္စာမရှိကြ။ လောက
ကိုချစ်သောသူသည် ဘုရားသခင်ကို မုန်းသကဲ့သို့
ဖြစ်၏။ ထို့ကြောင့် သင်တို့သည် လောက၏ အစိတ်
အပိုင်းများဖြစ်နေလျှင် ဘုရားသခင်အား ရန်ဖက်
ပြုခြင်းပင်ဖြစ်သည်။ ၅ နှုတ်ကပတ်တော်ကို သင်
သည် အချည်းနှီးထင်မှတ်နေပါသလား။ နှုတ်က
ပတ်တော်လာသည်ကား အကျွန်ုပ်တို့အထဲ၌ အ
သက်ရှင်စေသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့
အား ဘုရားသခင်အတွက်သာ ဖြစ်စေချင်သည်။
၆ သို့သော် ဘုရားသခင်ပေးတော်မူသော ကျေးဇူး
တော် *(ကြင်နာခြင်း)*သည် သာ၍ကြီးမြတ်ပေသည်။
နှုတ်ကပတ်တော် ဖော်ပြသကဲ့သို့ ဘုရားသခင်
သည် မာနကြီးသူတို့၏ မာနကို ချိုးနှိမ်တော်မူ၏။
သို့သော် နှိမ့်ချသောသူတို့အား ကျေးဇူးတော်
*(ကြင်နာခြင်း)* ကို ခံစားစေတော်မူ၏။ ၇ ထို့ကြောင့်
သင်၏ကိုယ်ခန္ဓာအား ဆက်သကြလော့။ မာရ်နတ်
ကို ဆန့်ကျင်တိုက်ခိုက်ကြလော့။ မာရ်နတ်သည်
သင့်ထံမှ ပြေးသွားလိမ့်မည်။ ၈ ဘုရားသခင်အနီး
သို့ ချဉ်းကပ်ပါ။ ဘုရားသခင်သည် သင့်အနီးသို့
ချဉ်းကပ်လိမ့်မည်။ သင်သည် အပြစ်သားဖြစ်သည်။
ထို့ကြောင့် သင်၏ အသက်တာထဲမှ အပြစ်များကို
ရှင်းလင်းပစ်ပါ။ သင်သည် ဘုရားသခင်၏အလို
သို့လည်းကောင်း၊ လောက၏အလိုသို့လည်းကောင်း
လိုက်လိုသောစိတ်သဘောရှိနေသည်။ သင်၏စိတ်
သဘောကို စင်ကြယ်စေပါ။ ၉ ဝမ်းနည်းကြေကွဲ
ခြင်း၊ စိတ်ညှိုးငယ်ခြင်း၊ ငိုကြွေးခြင်းအဖြစ်သို့လည်း
ကောင်း၊ သင်၏ဝမ်းမြောက်ပျော်ရွှင်ခြင်းကို ဝမ်း
နည်းကြေကွဲခြင်းအဖြစ်သို့ ပြောင်းလဲပစ်ပါ။ ၁၀ ဘု
ရားသခင်ရှေ့တော်မှောက်တွင် သင်၏စိတ်နှလုံး
နှိမ့်ချခြင်းရှိပါ။ သင့်ကို ကြီးမြတ်သောသူဖြစ်စေ
လိမ့်မည်။

## သင်သည် အဆုံးအဖြတ်ပေးသူမဟုတ်ပါ

၁၁ ညီအစ်ကိုမောင်နှမများတို့ သူတစ်ပါးအား
ဆန့်ကျင်သောစကားကို မပြောကြနှင့်။ အကယ်
၍ ခရစ်တော်၌ သင်၏ ညီအစ်ကိုကို ရှုတ်ချလျှင်
သို့မဟုတ် စီရင်ဆုံးဖြတ်လျှင် သူ၏တရားတော်ကို
သင်ရှုတ်ချခြင်းဖြစ်သည်။သင်သည် ခရစ်တော်၏
ညီအစ်ကိုကိုကဲ့ရဲ့လျှင် သင်သည် အမှန်တကယ်
တရားတော်ကို ကဲ့ရဲ့သောသူဖြစ်၏။ သင်သည်
တရားတော်ကို ကဲ့ရဲ့လျှင် တရားတော်ကို လိုက်၍
အသက်ရှင်သူမဟုတ်ပေ။ သင်သည် တရားစီရင်
သောသူဖြစ်၏။ ၁၂ ဘုရားသခင်တစ်ပါးတည်းသာ
ပညတ်တရားကို ချမှတ်ပေးနိုင်သူဖြစ်သည်။ သူ
တစ်ဦးတည်းသာ စီရင်ပိုင်ခွင့်ရှိသည်။ ဘုရားသ
ခင်တစ်ပါးတည်းသာ ကယ်တင်နိုင်သူ၊ ဖျက်ဆီး
နိုင်သူဖြစ်သည်။ ထို့ကြောင့် သင်သည် သူတစ်ပါး
ကို စီရင်ခြင်းသည် မှန်သောအမှု မဟုတ်။

## သင့်အသက်တာ၌ ဘုရားသခင်အား အစီအစဉ်ချမှတ်စေပါ

၁၃ သင်တို့အထဲမှ အချို့သောသူက “ယနေ့ သို့
မဟုတ် မနက်ဖြန် အချို့မြို့သို့ သွားကြစို့၊ အဲဒီမြို့မှာ
တစ်နှစ်လောက်နေကြစို့၊ အလုပ်လုပ်ပြီး ငွေရှာကြ
စို့”ဟု ဆိုကြ၏။ နားထောင်ကြ။ ဤအရာကို စဉ်းစား
ဆင်ခြင်ကြည့်ပါ။ ၁၄ မနက်ဖြန်တွင် မည်သို့ဖြစ်မည်
ကို သင် မသိနိုင်။ သင်၏အသက်တာသည် အခိုး
အငွေ့ကဲ့သို့ဖြစ်၏။ သင်ခဏသာ တွေ့မြင်ရပြီး
ပျောက်ကွယ်သွားလိမ့်မည်။ ၁၅ ထို့ကြောင့် သင်တို့
သည် ဘုရားသခင်အလိုရှိလျှင် ဤအရာလုပ်မည်
ထိုအရာလုပ်မည်ဟု ဆိုနိုင်မည်။ ၁၆ သို့သော် သင်
သည် ယခုမာနထောင်လွှားပြီး ဝါကြွားလျက်နေ၏။
ထိုဝါကြွားမှုသည် မှားယွင်းနေ၏။ ၁၇ လူတစ်ဦးသည်
ကောင်းသောအရာကို မည်သို့လုပ်ရမည်ကို သိ
လျက်နှင့် မလုပ်ဘဲနေလျှင် ထိုသူ၌အပြစ်ရှိ၏။

### အတ္တဆန်သည့်ချမ်းသာသူများသည် အပြစ်စီရင်ခြင်းခံရမည်

၅ ချမ်းသာသောသူများတို့ နားထောင်ကြပါ။ ငို
ကြွေး၍ ဝမ်းနည်းကြပါ။ အကြောင်းမှာ များစွာ
သောဒုက္ခဆင်းရဲအပေါင်းတို့သည် သင်တို့ထံသို့
လာကြလိမ့်မည်။ ၂ သင်တို့၏ကြွယ်ဝခြင်းတို့သည်
ပုပ်ပျက်ပြီး မည်သို့မျှ အသုံးမဝင်တော့ချေ။ သင်
တို့၏ အဝတ်အထည်များကို ပိုးကိုက်လိမ့်မည်။
၃ သင်တို့၏ ရွှေငွေတို့သည် အချေးတက်၍ ထို
အချေးတက်ခြင်းက သင်တို့မှားယွင်းကြောင်းကို
ဖော်ပြကြလိမ့်မည်။ ထိုအချေးတို့သည် သင်၏
ကိုယ်ခန္ဓာကို မီးကဲ့သို့ ဝါးမြိုလိမ့်မည်။ သင်၏ဘဏ္ဍာ
များကို လုံခြုံစွာသိမ်းထားမည့် နောက်ဆုံးနေ့ရက်
ရောက်လာပြီ။ ၄ လူတို့သည် သင်၏ လယ်၌အလုပ်
လုပ်ကြ၏။ သို့သော် လုပ်ခကို သင် မပေး။ ထိုသူတို့
သည် သင့်တစ်ဘက်၌ အော်ဟစ်လျက်နေကြ၏။
ထိုသူများတို့သည် သင်၏ စိုက်ခင်းပြင်ကို ရိတ်
သိမ်းကြ၏။ ယခုကောင်းကင်တပ်မဟာ၏ ဘုရား
သခင်သည် ထိုအော်ဟစ်သံကို ကြားလေ၏။ ၅ သင်
သည် လောကတွင်ကြွယ်ဝချမ်းသာခြင်း၌ အသက်
ရှင်၏။ သင်၏ကိုယ်ခန္ဓာကို သင်အလိုရှိသောအရာ
များဖြင့် ပျော်မွေ့စေ၏။ သင်၏ကိုယ်ခန္ဓာသည် သတ်
ရန်ထားသော သိုးကဲ့သို့ ဆူဖြိုးလာ၏။ ၆ ကောင်း
သောသူတို့အား သင်သည် ကရုဏာမပြခဲ့ပါ။ သူ
တို့သည် သင့်ကို ဆန့်ကျင်ဘက်မပြု။ သို့သော်
သင်သည် သူတို့ကို သတ်လေပြီ။

### သည်းခံခြင်းစိတ်ရှိပါ

၇ ညီအစ်ကိုမောင်နှမတို့ သည်းခံခြင်းစိတ်ရှိ
ကြပါ။ သခင်ယေရှုကြွလာတော့မည်။ ထို့ကြောင့်
ထိုအချိန်အထိ သည်းခံလျက်စောင့်နေကြပါ။ လယ်
သမားသည် သည်းခံ၍ သူ၏သီးနှံပင်များအတွက်
ပထမမိုး၊ နောက်ဆုံးမိုးကို စောင့်လျက်နေ၏။ ၈ သင်
သည်လည်း သည်းခံခြင်းစိတ်ရှိရမည်။ မျှော်လင့်
ချက်ကို ရပ်မပစ်ပါနှင့်။ သခင်ခရစ်တော်သည်
မကြာမီကြွလာတော့မည်။ ၉ ညီအစ်ကိုမောင်နှမ
များတို့ အခြားသူတို့နှင့် အငြင်းအခုံမပြုကြနှင့်။
သင်သည် အငြင်းပွားမှု မရပ်လျှင် မှားယွင်းခြင်း
ကြောင့် အပြစ်တင်ခြင်းကို ခံရလိမ့်မည်။ စီရင်
မည့်သူသည် လာရန်အဆင်သင့်ဖြစ်နေပြီ။ ၁၀ ညီ
အစ်ကိုမောင်နှမများတို့ ပရောဖက်များ၏ ခြေရာ
ကို လိုက်လျှောက်ကြပါ။ သူတို့သည် ဘုရားသခင်
အတွက်စကားပြောသော သူများဖြစ်ကြသည်။ သူ
တို့သည် များစွာသောဒုက္ခဆင်းရဲကို ခံကြရ၏။ သို့
သော် ထိုသူတို့သည် သည်းခံစိတ်ရှိကြ၏။ ၁၁ ဒုက္ခ
ဆင်းရဲကို သည်းခံလျက်နေသောသူသည် ယခု
ပျော်ရွှင်မှုကို ရလိမ့်မည်။ သင်သည် ယောဘ၏
သည်းခံခြင်းကိုကြားသိခဲ့ပြီ။ ယောဘ၏ဒုက္ခဆင်းရဲ
မှုနောက်တွင် ဘုရားသခင်သည် ကယ်မတော်မူ
၏။ ထိုသို့သောအားဖြင့် ဘုရားသခင်သည် ကရုဏာ
တရား၊ ကြင်နာခြင်းတရားနှင့် ပြည့်စုံကြောင်းကို
ဖော်ပြသည်။

### သင်ပြောသောစကားများအတွက် သတိပြုပါ

၁၂ ညီအစ်ကိုမောင်နှမတို့ သင်တို့သည် ကတိ
သစ္စာပြုသောအခါ ကျိန်ဆိုခြင်းကို မပြုမိစေရန်
အလွန်အရေးကြီး၏။ ကောင်းကင်ဘုံကို တိုင်တည်
၍ မကျိန်ဆိုနှင့်။ မြေကြီးကို တိုင်တည်၍ မကျိန်
ဆိုနှင့်။ မည်သည့်အရာကိုမျှ သင်၏စကားအတွက်
သက်သေမပြုနှင့်။ မှန်သည့်အရာကို မှန်သည်၊ မှား
သည့်အရာကို မှားသည်ဟုသာ ပြောပါ။ ထိုသို့ပြော
ဆိုလျှင် သင်သည် အပြစ်စီရင်ခြင်း မခံရ။

### ဆုတောင်းခြင်း၏တန်ခိုး

၁၃ သင်တို့အထဲတွင် တစ်စုံတစ်ယောက်သော
သူသည် ဒုက္ခဆင်းရဲခံရလျှင် ဆုတောင်းရမည်။
သင်တို့အထဲတွင် တစ်စုံတစ်ယောက်သောသူသည်
ဝမ်းမြောက်လျှင်သီချင်းဆိုစေ။ ၁၄ တစ်စုံတစ်ယောက်
သောသူသည် နာမကျန်းဖြစ်လျှင် သင်းအုပ်ကို
ခေါ်ပြီး သင်းအုပ်က လူနာကို ဆီနှင့်လူးကာ သခင်
ဘုရား၏ နာမတော်၌ ထိုသူအတွက် ဆုတောင်း
စေ။ ၁၅ ယုံကြည်ခြင်းပါလျက်တောင်းသောဆုသည်
လူနာကို ပျောက်ကင်းစေလိမ့်မည်။ သခင်ဘုရား
သည် သူ့အား ကျန်းမာစေတော်မူလိမ့်မည်။ ထိုသူ
သည် အပြစ်ရှိလျှင် ဘုရားသခင်သည် သူ၏အပြစ်
ကို လွှတ်တော်မူလိမ့်မည်။ ၁၆ သင်မှားယွင်းစွာ ပြု
မိခဲ့သောအမှုကို သူတစ်ပါးအား ပြောပြပါ။ ထို့
နောက် တစ်ယောက်အဖို့တစ်ယောက် ဆုတောင်း
ပေးကြပါ။ ထိုသို့ပြုလျှင် ဘုရားသခင်သည် အနာကို
ငြိမ်းစေလိမ့်မည်။ ဖြောင့်မတ်သောသူသည် အပြင်း
အထန် ဆုတောင်းလျှင် ကြီးမားသောအမှုကို ဖြစ်
စေ၏။ ၁၇ ဧလိယသည် ကျွန်ုပ်တို့ကဲ့သို့ လူသားပင်
ဖြစ်၏။ သူသည် မိုးမရွာရန် ဆုတောင်းသောအခါ
သုံးနှစ်ခွဲ မိုးမရွာဘဲနေ၏။ ၁၈ နောက်တစ်ဖန် ဧလိယ
ဆုတောင်းသောအခါ ကောင်းကင်မှ မိုးရေများ
ကျလာပြီး မြေကြီးပေါ်တွင် အပင်များကို တစ်ဖန်
ပေါက်စေ၏။

**ဝိညာဉ်ကို ကယ်တင်ပါ**

[၁၉]ညီအစ်ကိုမောင်နှမများတို့ သင်တို့တွင် တစ်
စုံတစ်ယောက်သည် သမ္မာတရားမှ လွဲရှောင်သွား
လျှင် အခြားသူတစ်ဦးက ထိုသူအား သမ္မာတရား
လမ်းသို့ ပြန်လာရန် ကူညီပါ။ [၂၀] အပြစ်သားများကို
မှားယွင်းစေသောလမ်းမှ ခေါ်ဆောင်ခဲ့သော သူ
သည် ထိုအပြစ်သားများ၏ဝိညာဉ်ကိုသေခြင်း *(ငရဲ)*
မှ ကယ်တင်ခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်း
အားဖြင့် ထိုသူသည် များစွာသောအပြစ်မှ ကယ်
လွတ်ခြင်းကို ခံရပေလိမ့်မည်။

ရှင်ယာကုပ်ဩဝါဒစာပြီး၏။